# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၃–၂–၂၀၁၅ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းနှင့် လစ်လပ်သော ကော်မတီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဇော်ထွန်း၊ လပွတ္တာ မဲဆန္ဒနယ်၏ **လယ်သမားများ စိုက်ပျိုးစရိတ် ချေးငွေ ပြန်လည်ပေးဆပ်ရာတွင် သတ်မှတ်ကာလထက် ကျော်လွန်ပါက ပေးဆောင်ရသော ဒဏ်တိုး ကျသင့်ငွေကို ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခမိုင်မုန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **ဆွမ်ပရာဘွမ်မြို့နယ် အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား နွေ၊ မိုး၊ ဆောင်း သွားလာ နိုင်သော လမ်းမကြီးအဖြစ် ဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းကို မည်သို့ရေးဆွဲ၍ မည်သို့အကောင်အထည်ဖော်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်က **"မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ စတင်ဖြစ်တည်ရာ ဒေသများ ရေရှည်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟ စနစ်နှင့် မြေမျက်နှာ သွင်ပြင်အပေါ် အခြေခံသည့် မြေစီမံခန့်ခွဲမှု မူဝါဒရေးဆွဲချမှတ် ဆောင်ရွက် သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း "** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။